## ကောင်စစ် (နိုင်ငံသားဌာန)

## သာမန်မြန်မာနိုင်ငံကူးလက်မှတ်(Ordinary Passport) သက်တမ်းတိုးခြင်း

၁။ ဗန်ကောက်မြို့ မြန်မာသံရုံးတွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ် (Ordinary Passport) အား သက်တမ်းတိုးပေးခြင်း၊ တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity) ထုတ်ပေးခြင်း၊ ထိုင်းနိုင်ငံတွင် မွေးဖွားသော ကလေးများအား မြန်မာနိုင်ငံကူးစာအုပ်အသစ်အသစ်ထုတ်ပေးခြင်း ကိစ္စရပ်များကို သံရုံးပိတ်ရက်များမှအပ နံနက် (၉) နာရီမှ ညနေ (၄)နာရီအထိ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထိုင်းနိုင်ငံအတွင်း ကာလရှည်ကြာစွာ နေထိုင်နိုင်သည့် (Non-Immigrant Visa) ဖြင့် နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများကိုသာ **သက်တမ်းတိုးခြင်း ကိစ္စ (Passport Renewal)** ဆောင်ရွက်ပေးပါသည်။ အလည်အပတ်ဗီဇာ (Tourist Visa) ဖြင့် လာရောက်သောသူများအား သက်တမ်းတိုးပေးခြင်းအား သံရုံးတွင် လက်ခံဆောင်ရွက် ခြင်းမရှိပါ။

၃။ ဗန်ကောက်မြို့ မြန်မာသံရုံးတွင် အောက်ပါ ပတ်စ်ပို့ အမျိုးအစားအလိုက် သက်တမ်းတိုးဆောင်ရွက်ရာတွင် အောက်ပါအချက်အလက်များကို သက်တမ်းတိုး ဆောင်ရွက်လိုသူ မှ ပြည့်စုံစွာ ယူဆောင်လာရမည်ဖြစ်ပါသည်-

- Job Passport - PJ
  **သက်တမ်း (၅) နှစ်**

  သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာဖြည့်စွက်ရပါမည်။

  ဝင်ငွေခွန် အပြည့်အဝ ထမ်းဆောင်ထားခြင်း ရှိရပါမည်။

  (Non-Immigrant ရသည့်အချိန်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ အထိ)

  ပတ်စ်ပို့ (၁)အုပ်လုံး မိတ္တူ (စာမျက်နှာအလွတ်ပါမကျန်)

  ၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ (နောက်ခံအရောင်သည် အဖြူရောင်)
  **(လွန်ခဲ့သော ၆ လအတွင်းက ရိုက်ကူးထားသော ကြည်လင်ပြတ်သားသော ဓါတ်ပုံ ဖြစ်ရမည်။ မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ကို ချွတ်ရမည်၊ ဦးထုတ်မဆောင်းရ၊ အစွလမ်ဘာသာဝင်များ ခေါင်းဆောင်းများ ချွတ်ထားရမည်)**
  စာအုပ်ကြေး ဘတ် ၄၀၀၀/-

  လုပ်ငန်းဆောင်ရွက်ချိန် ရက်သတ္တပတ် (၁) ပတ် ကြာမြင့်မည်ဖြစ်ပါသည်။

- **Dependent Passport - PT**
  **သက်တမ်း (၅) နှစ်**

နိုင်ငံခြားသား နှင့် လက်ထပ်ထားသည့် မြန်မာအမျိုးသမီးများ၊ မြန်မာနိုင်ငံသား အချင်းချင်းလက်ထပ်ထားသူများနှင့် မိဘအား မှီခိုသူများ စသည်ဖြင့် မှီခို ပတ်စ်ပို့ (Dependent) အမျိုးအစား (၃) မျိုးရှိပါသည်။

**နိုင်ငံခြားသားနှင့် လက်ထပ်ထားသည့် မြန်မာအမျိုးသမီးများ**

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာ ဖြည့်စွက်ရပါမည်။

နိုင်ငံခြားသားနှင့် လက်ထပ်ပြီးသည့်နေ့မတိုင်မီ (၄၈)လအတွင်း အခွန်ထမ်း ဆောင် ထားပြီးသူဖြစ်ရမည်။

လက်ထပ်စာချုပ် (မိတ္တူ) (ထိုင်းဘာသာဖြစ်ပါက အင်္ဂလိပ်ဘာသာဖြင့် ဘာသာ ပြန်ဆိုရမည်

ပတ်စ်ပို့ (၁)အုပ်လုံး မိတ္တူ (စာမျက်နှာအလွတ်ပါမကျန်)

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ (နောက်ခံအရောင်သည် အဖြူရောင်)
**(လွန်ခဲ့သော ၆ လအတွင်းက ရိုက်ကူးထားသော ကြည်လင်ပြတ်သားသော ဓါတ်ပုံ ဖြစ်ရမည်။ မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ကို ချွတ်ရမည်၊ ဦးထုပ်မဆောင်းရ၊ အစ္စလမ်ဘာသာဝင်များ ခေါင်းဆောင်းများ ချွတ်ထားရ မည်)**
အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားသားနှင့် ကွာရှင်းပြတ်စဲပါက အပြန် လေယာဉ်လက်မှတ်ဖိုးအတွက် ဘတ် ၄၅၀၀/- ကို သံရုံးတွင် အာမခံငွေအဖြစ် ထားရှိရန်

စာအုပ်ကြေး ဘတ် ၄၀၀၀/-

လုပ်ငန်းဆောင်ရွက်ချိန် ရက်သတ္တပတ် (၁) ပတ် ကြာမြင့်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသား အချင်းချင်း လက်ထပ်ထားသူများ**

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာ ဖြည့်စွက်ရပါမည်။

ဝင်ငွေခွန် အပြည့်အဝ ထမ်းဆောင်ထားခြင်း ရှိရပါမည်။ (ခင်ပွန်း(သို့)ဇနီး နှစ်ဦးထဲမှ တစ်ဦးဦးသာ)

(Non-Immigrant ရသည့်အချိန်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ အထိ)

လက်ထပ်စာချုပ် (မိတ္တူ) (ထိုင်းဘာသာဖြစ်ပါက အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ဆိုရမည်

ပတ်စ်ပို့ (၁)အုပ်လုံး မိတ္တူ (စာမျက်နှာအလွတ်ပါမကျန်)

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ (နောက်ခံအရောင်သည် အဖြူရောင်)
**(လွန်ခဲ့သော ၆ လအတွင်းက ရိုက်ကူးထားသော ကြည်လင်ပြတ်သားသော ဓါတ်ပုံ ဖြစ်ရမည်။ မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ကို ချွတ်ရမည်၊ ဦးထုတ်မဆောင်းရ၊ အစ္စလမ်ဘာသာဝင်များ ခေါင်းဆောင်းများ ချွတ်ထားရမည်)**
စာအုပ်ကြေး ဘတ် ၄၀၀၀/-

လုပ်ငန်းဆောင်ရွက်ချိန် ရက်သတ္တပတ် (၁) ပတ် ကြာမြင့်မည်ဖြစ်ပါသည်။

**မိဘအား မှီခိုခြင်း**

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာဖြည့်စွက်ရပါမည်။

မိဘနှစ်ဦး အနက်မှ တစ်ဦးဦး ဝင်ငွေခွန် အပြည့်အဝ ထမ်းဆောင်ထားခြင်း ရှိရပါမည်။

(Non-Immigrant ရသည့်အချိန်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ အထိ)

သန်းခေါင်စာရင်း မိတ္တူ

ပတ်စ်ပို့ (၁)အုပ်လုံး မိတ္တူ (စာမျက်နှာအလွတ်ပါမကျန်)

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ (နောက်ခံအရောင်သည် အဖြူရောင်)

**(လွန်ခဲ့သော ၆ လအတွင်းက ရိုက်ကူးထားသော ကြည်လင်ပြတ်သားသော ဓါတ်ပုံ ဖြစ်ရမည်။ မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ကို ချွတ်ရမည်၊ ဦးထုပ်မဆောင်းရ၊ အစွလမ်ဘာသာဝင်များ ခေါင်းဆောင်းများ ချွတ်ထားရမည်)**

စာအုပ်ကြေး ဘတ် ၄၀၀၀/-

လုပ်ငန်းဆောင်ရွက်ချိန် ရက်သတ္တပတ် (၁) ပတ် ကြာမြင့်မည်ဖြစ်ပါသည်။

- **Student Passport -PE**
  **သက်တမ်း (၅) နှစ်**

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာဖြည့်စွက်ရပါမည်။

မိမိပညာသင်ကြားနေသည့် တက္ကသိုလ်မှ ထောက်ခံစာ မူရင်း

ပတ်စ်ပို့ (၁)အုပ်လုံး မိတ္တူ (စာမျက်နှာအလွတ်ပါမကျန်)

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ (နောက်ခံအရောင်သည် အဖြူရောင်)
**(လွန်ခဲ့သော ၆ လအတွင်းက ရိုက်ကူးထားသော ကြည်လင်ပြတ်သားသော ဓါတ်ပုံ ဖြစ်ရမည်။ မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ကို ချွတ်ရမည်၊ ဦးထုပ်မဆောင်းရ၊ အစွလမ်ဘာသာဝင်များ ခေါင်းဆောင်းများ ချွတ်ထားရမည်)**

စာအုပ်ကြေး ဘတ် ၄၀၀၀/-

လုပ်ငန်းဆောင်ရွက်ချိန် ရက်သတ္တပတ် (၁) ပတ် ကြာမြင့်မည်ဖြစ်ပါသည်။

- **Religious Passport -PR**
  **သက်တမ်း (၅) နှစ်**

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာဖြည့်စွက်ရပါမည်။

ထိုင်းနိုင်ငံတွင် ပရိယတ္တိ နှင့် ပရိယတ္တိ သာသနာ့ကိစ္စများ ဆောင်ရွက်နေကြောင်း သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဘုန်းတော်ကြီးကျောင်းများမှ ထောက်ခံစာ (မူရင်း)

ပတ်စ်ပို့ (၁)အုပ်လုံး မိတ္တူ (စာမျက်နှာအလွတ်ပါမကျန်)

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ (နောက်ခံအရောင်သည် အဖြူရောင်)
**(လွန်ခဲ့သော ၆ လအတွင်းက ရိုက်ကူးထားသော ကြည်လင်ပြတ်သားသော ဓါတ်ပုံ ဖြစ်ရမည်။ မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ကို ချွတ်ရမည်၊ ဦးထုပ်မဆောင်းရ၊ အစွလမ်ဘာသာဝင်များ ခေါင်းဆောင်းများ ချွတ်ထားရမည်)**

စာအုပ်ကြေး မှာ အခမဲ့ဆောင်ရွက်ပေးပါသည်။

လုပ်ငန်းဆောင်ရွက်ချိန် ရက်သတ္တပတ် (၁) ပတ် ကြာမြင့်မည်ဖြစ်ပါသည်။

**မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်**
**(Certificate of Indentity)**

ထိုင်းနိုင်ငံသို့ ခေတ္တအလည်အပတ်ရောက်ရှိလာပြီး အကြောင်းအမျိုးမျိုး ကြောင့် မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားသူများ၊ အရေးပေါ် မြန်မာနိုင်ငံသို့ ပြန်လိုသူများ၊ ထိုင်းနိုင်ငံအတွင်း ကလေးမွေးဖွားပြီး မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင် လိုသူများအတွက် တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် အား သံရုံးမှ ထုတ်ပေးလျက်ရှိပါသည်။

**အလည်အပတ်လာရောက်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများ**
**သက်တမ်း (၁) ပတ်**

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာဖြည့်စွက်ရပါမည်။

နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ (မိတ္တူ)
(ထိုင်းဘာသာအား အင်္ဂလိပ်ဘာသာဖြင့် ဘာသာ ပြန်ဆိုရမည်)

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ

စာအုပ်ကြေး ဘတ် ၂၀၀၀/-

တစ်ကြိမ်တစ်ခါတည်းအတွက်ဖြစ်ပါသည်။

**အရေးပေါ် မြန်မာနိုင်ငံသို့ ပြန်လိုသူများ**

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာဖြည့်စွက်ရပါမည်။

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ

စာအုပ်ကြေး အခမဲ့

တစ်ကြိမ်တစ်ခါတည်းအတွက်ဖြစ်ပါသည်။

**ထိုင်းနိုင်ငံအတွင်း ကလေးမွေးဖွားပြီး မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင် လိုသူများ**

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာဖြည့်စွက်ရပါမည်။

ကလေးမွေးစာရင်း (မိတ္တူ)
(ထိုင်းဘာသာအား အင်္ဂလိပ်ဘာသာဖြင့် ဘာသာ ပြန်ဆိုရမည်)

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ

မိဘ (၂) ဦးစလုံး (သို့) တစ်ဦးဦးနှင့် အတူတကွ ပြန်ရမည်။

စာအုပ်ကြေး အခမဲ့

တစ်ကြိမ်တစ်ခါတည်းအတွက်ဖြစ်ပါသည်။

**ထိုင်းနိုင်ငံတွင် မီးဖွားသော ကလေးများအတွက် မြန်မာနိုင်ငံကူးလက်မှတ်အသစ် လျှောက်ထားခြင်း**

မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံသားများဖြစ်ရမည်။

မိဘနှစ်ဦးအနက် တစ်ဦးဦးမှ ဝင်ငွေခွန်အပြည့်ထမ်းဆောင်ထားပြီးဖြစ်ရမည်။

သံရုံးမှ အခမဲ့ထုတ်ပေးသည့် ကိုယ်ရေးပုံစံကို ပြည့်စုံစွာဖြည့်စွက်ရပါမည်။

၁.၅ x ၂ ကာလာဓါတ်ပုံ (၃) ပုံ (နောက်ခံအရောင်သည် အဖြူရောင်ဖြစ်ရမည်။)

ကလေးမွေးစာရင်း (မိတ္တူ)
(ထိုင်းဘာသာအား အင်္ဂလိပ်ဘာသာဖြင့် ဘာသာ ပြန်ဆိုရမည်)

သံရုံးတွင် ပတ်စ်ပို့အသစ်အား ပြုလုပ်ပေးခြင်းမရှိသောကြောင့် မြန်မာနိုင်ငံရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးသို့ ခွင့်ပြုချက် တင်ပြတောင်းခံ ရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာ မြန်မာနိုင်ငံကူးစာအုပ် အသစ်ပြုလုပ်ပေးမည်ဖြစ်ပါသည်။

စာအုပ်ကြေး ဘတ် ၄၀၀၀/-